**နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးချမ်းအေး**
**အာဆီယံဒေသဆိုင်ရာဖိုရမ်အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးသို့ တက်ရောက်**
**(၉-၆-၂၀၂၂ ရက်၊ နေပြည်တော်)**

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာအဆင့်မြင့်အရာရှိကြီး ဦးချမ်းအေး သည် ၉-၆-၂၀၂၂ ရက်နေ့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံဒေသ ဆိုင်ရာ ဖိုရမ် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးအား ကမ္ဘောဒီးယား အဆင့်မြင့်အရာရှိကြီး H.E. EAT Sophea က သဘာပတိအဖြစ် ဆောင်ရွက်၍ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အာဆီယံဒေသဆိုင်ရာ ဖိုရမ်အဖွဲ့ဝင် နိုင်ငံများမှ အဆင့်မြင့် အရာရှိကြီး များ၊ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ် တို့က တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေး၌ အာဆီယံဒေသဆိုင်ရာဖိုရမ်၏ ယခုနှစ်ကြားကာလ(၂၀၂၁-၂၀၂၂ ခုနှစ်) အတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်မှု အခြေအနေ၊ လာမည့်နှစ် ကြားကာလ(၂၀၂၂-၂၀၂၃ ခုနှစ်)တွင် ဆောင်ရွက်ရန်လျာထားသည့် လုပ်ငန်းစဉ်များ၊ အာဆီယံ ဒေသဆိုင်ရာဖိုရမ်၏ ဟနွိုင်းလုပ်ငန်းအစီအစဉ်-၂(၂၀၂၀-၂၀၂၅)အကောင်အထည်ဖော်မှု အခြေ အနေနှင့် လတ်တလောဖြစ်ပွားလျက်ရှိသည့် ဒေသတွင်းနှင့်နိုင်ငံတကာ အခြေအနေများ စသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။ အာဆီယံဒေသဆိုင်ရာဖိုရမ်အောက်၌ ပူးပေါင်းဆောင်ရွက် လျက်ရှိသည့် နယ်ပယ်များဖြစ်သည့် သံတမန်နည်းလမ်းဖြင့် ဒေသတွင်း ပဋိပက္ခတားဆီးကာ ကွယ်ရေး၊ သဘာဝဘေးကယ်ဆယ်ရေး၊ အကြမ်းဖက်မှုနှင့်နယ်စပ်ဖြတ်ကျော်မှုခင်းတိုက် ဖျက် ရေး၊ ပင်လယ်ရေကြောင်းလုံခြုံရေး၊ နျူကလီးယားလက်နက် မပြန့်ပွားရေးနှင့် လက်နက် ဖျက်သိမ်းရေး၊ သတင်းအချက်အလက်နှင့် နည်းပညာအသုံးချမှုဆိုင်ရာ ဘေးကင်းလုံခြုံရေး၊ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ငြိမ်းချမ်းရေးထိန်းသိမ်းမှု စသည့်ကိစ္စရပ်များ၌ အဖွဲ့ဝင်များအကြား ပူးပေါင်းဆောင်ရွက်မှုတို့ကိုမြှင့်တင်ရန် သဘောတူခဲ့ကြပါသည်။

အစည်းအဝေးတွင် အမြဲတမ်းအတွင်းဝန် ဦးချမ်းအေးက အာဆီယံဒေသဆိုင်ရာ ဖိုရမ်အောက်၌ ယခုနှစ် ကြားကာလ(၂၀၂၁-၂၀၂၂ ခုနှစ်)၊ ARF လုပ်ငန်းရပ်များတွင် မြန်မာနိုင်ငံက ပူးပေါင်း ဆောင်ရွက်သည့် လုပ်ငန်းစဉ်များ၊ လာမည့်နှစ်ကြားကာလ၌ မြန်မာနိုင်ငံက ဦးဆောင်၍ ဆောင်ရွက်မည့် လုပ်ငန်းကိစ္စရပ်များအပေါ် ရှင်းလင်းဆွေးနွေးခဲ့ပြီး၊ ဒေသတွင်းနှင့် နိုင်ငံ တကာရေးရာကိစ္စရပ်များ ဆွေးနွေးရာတွင် မြန်မာနိုင်ငံက အာဆီယံ-တရုတ်ဆွေးနွေးဖက် ဆက်ဆံရေးညှိနှိုင်းရေးမှူးအဖြစ် တောင်တရုတ်ပင်လယ်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများ လိုက်နာရ မည့်ကျင့်ထုံးဆိုင်ရာ ကြေညာချက်အကောင်အထည်ဖော်ရေး နှင့် တောင်တရုတ်ပင်လယ်ဆိုင် ရာကျင့်ထုံး (COC) ညှိနှိုင်းရေးတွင် အရှိန်မြှင့်ဆောင်ရွက်ကာ တိုးတက် မှုများ ရရှိလျက်ရှိ သည်များကို ဆွေးနွေးခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်း ငြိမ်းချမ်း ရေးလုပ်ငန်းစဉ်များ အတွက်နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်မှ တိုင်းရင်းသား

လက်နက်ကိုင်အဖွဲ့အစည်းများ အသီးသီးနှင့် ဆွေးနွေးမှုများပြုလုပ်လျက်ရှိခြင်း၊ ယခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ကာ အပစ်အခတ်ရပ်စဲမှုများကို ၂၀၂၂ခုနှစ်ကုန် အထိ သတ်မှတ်ထားခြင်းနှင့် ပြည်တွင်း အကြမ်းဖက်မှုလုပ်ရပ်များ ရပ်ဆိုင်းရန် ကြိုးပမ်း လျက်ရှိခြင်း၊ AHA centre မှတစ်ဆင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများဖြန့်ဝေနိုင်ရေး အတွက် လိုအပ်ချက်ဆန်းစစ်ရေးလုပ်ငန်းများကို အဆင်ပြေချောမွေ့စေရန် ကူညီပံ့ပိုး ပေးခြင်း တို့အပြင် အာဆီယံတူညီဆန္ဒ (၅)ချက် အကောင်အထည်ဖော်မှုရာတွင် မြန်မာနိုင်ငံက အာဆီယံအထူး ကိုယ်စားလှယ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ဆက်လက် ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ပါသည်။ မြန်မာနိုင်ငံ အတွင်း နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများအပေါ် နိုင်ငံအချို့က မျှတမှုမရှိသည့် ဝေဖန်ပြောကြားမှုများနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်း ပြောကြားခဲ့ပြီး လက်မခံနိုင်သည့်ကိစ္စရပ်များကို ပြန်လည်ထောက်ပြ တုန့်ပြန်ပြောကြား ခဲ့ပါ သည်။ ထို့အပြင် အေအာရပ်အက်ဖ်အဖွဲ့ဝင်များအနေဖြင့် အဖွဲ့ဝင်နိုင်ငံအားလုံး၏ အချုပ် အခြာ အာဏာကို လေးစားလိုက်နာကြရန်၊ ပြည်တွင်းရေးမစွက်ဖက်ရန်နှင့် အဖွဲ့ဝင်နိုင်ငံများ အကြား အပြည့်အဝ တန်းတူရည်တူပါဝင်သည့်မှုများကို အခြေခံပြီး ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်း ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**U Chan Aye, Permanent Secretary of the Ministry of Foreign Affairs attends the ASEAN Regional Forum Senior Officials' Meeting (ARFSOM)**

**(9-6-2022, Nay Pyi Taw)**

U Chan Aye, Permanent Secretary of the Ministry of Foreign Affairs and ASEAN-Myanmar SOM Leader attended the ASEAN Regional Forum Senior Officials' Meeting (ARFSOM) held via videoconference on 9 June 2022. The meeting was chaired by H.E. Eat Sophea, Secretary of State and Cambodia SOM Leader and attended by Senior Officials and representatives from ARF Member States and the Deputy Secretary-General of ASEAN Secretariat.

The Meeting discussed on the matters pertaining to the progress of the implementation of the ARF activities for (2021-2022) the current Inter-Sessional Year, proposed list of track 1 activities for the next Inter-Sessional Year (2022-2023), update on the Implementation of the Hanoi Plan of Action II (2020-2025) and exchange of views on the current regional and international issues. The Meeting then agreed to further strengthen the cooperation in the areas under ARF pertaining to Preventive Diplomacy, Disaster Relief, Counter-Terrorism and Transnational Crime, Maritime Security, Non-Proliferation and Disarmament, Security of and in the Use of Information and Communications Technologies, Defence and Peacekeeping Operations.

During the meeting, U Chan Aye, Permanent Secretary informed the ARF activities which Myanmar co-chaired in the Inter-Sessional Year 2021-2022 as well as in the upcoming 2022-2023 ARF Inter- Sessional Year. On the regional and International issues, he informed the progress made in the implementation of the Declaration on the Code of Conduct in the South China Sea and progress of the second reading of the SDNT of the Code of Conduct in the capacity of the country coordinator of the ASEAN-China Dialogue Relations. He also informed Myanmar's efforts in the Peace Process such as the discussion with the respective Ethics Armed Organizations led by the Chairman of the State Administration Council and Prime Minister, marking this year 2022 as the Peace Year, extending the unilateral ceasefire until the end of this year, and ending the violence in Myanmar. He discussed Myanmar's facilitation to AHA center's works on Humanitarian Assistance to Myanmar and its works on the Joint needs Assessment, and also Myanmar continues its cooperation with the special envoy of the current ASEAN Chair and the ASEAN Member States to implement the ASEAN five-point consensus. He

responded some member states' unfair remarks on the political development in Myanmar. In addition, he urged these member states to respect the sovereignty of the member states, non-interference in the internal affairs and to cooperate among the ARF member countries based on the principles of full and equal participation.




